စိတ်ကူးချိုချိုအနုပညာ

mgyoe.com

အမှတ် ၇

# လောကနီတိ

## အထွေထွေဆိုင်ရာအခန်း

# ပုံပြင်ဆေးရောင်ခြယ်

ကာတွန်းဗိုသံ စီစဉ်သည်



mgyoe.com

CARTOON
BOTHAN

mgyoe.com

လောက လူအပေါင်းတို့၏
အနှစ်သာရလည်း မည်၏။
မိဘလည်း မည်၏။
ဆရာလည်း မည်၏။
အဆွေခင်ပွန်းလည်း မည်၏။
ထို့ကြောင့် နီတိကျမ်းကို
သင်ကြားတတ်မြောက်သော
လူအပေါင်းသည်
အကြားအမြင်များသော၊
မြင့်မြတ်သော ဉာဏ်ကြီးရှင် ဖြစ်၏။
လောကနီတိ



သင့်ကလေး
ဆေးရောင်ခြယ်ဆော့ကစားရင်း
လောကနီတိများကို
မှတ်သားမိသွားစေပါမည်။

ISBN 9789997116215
BOT9
9 789997 116215
500.00 KS

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

လောကနီတိဆိုတာ ကျမ်းတစ်စောင်ဖြစ်တယ်ကွဲ့။
သားသားမီးမီးတို့အပါအဝင် လောကီလူသားတွေရဲ့အကျိုးဖြစ်ထွန်းစရာ
လောကအကြောင်း၊ ဓမ္မအကြောင်း၊ စီးပွားအကြောင်း၊ ပညာအကြောင်း၊
ရာဇအကြောင်း စတဲ့ အဆုံးအမတွေကို ဗုဒ္ဓဝါဒနဲ့ မဆန့်ကျင်ဘဲ
ရှေးနစ်ပေါင်းများစွာကတည်းက ပြုစုထားတဲ့ ကျမ်းတစ်စောင်ဖြစ်လို့
သားသားမီးမီးတို့ သိမှတ်လေ့လာနိုင်ဖို့ ပျော်ရွှင်ဖွယ်ရာလေးတွေဖြစ်အောင်
ဆေးရောင်ခြယ်ပုံလှလှလေးတွေ ရေးဆွဲတင်ဆက်ပေးလိုက်ပါတယ်ကွယ်။

ဦးဦးပိုသံ



ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၀၇၉၊ မဟိုဓိုလမ်း၊ ရန်ကင်း။
စောင်ရေ - ၅၀၀။

mgyoe.com

mgyoe.com




နေ့အခါ မကြည့်ရှုဘဲ စကားမဆိုအပ်၊

ညဥ့်အခါတွင်လည်း မမေးမြန်းဘဲ စကားမဆိုအပ်၊

ဘေးကိုကြောက်သော တောမုဆိုးသည် တောတွင် သတိဖြင့် ကျင့်သကဲ့သို့ ကျင့်ရာ၏။

mgyoe.com



ဆင်းရဲသောသူ၊ ရောဂါခံစားနေရသူ၊ မိုက်မဲသူ၊ ကြွေးထူသူ၊ မင်းထံ ခစားရသူ
ထိုသူတို့သည် အသက်ရှင်နေပါလျက်နှင့် သေသူတို့တည်းဟု ဗျာသဆရာက ဆိုပေ၏။

mgyoe.com


mgyoe.com



ပညာရှိသည် မရောက်သေးသော ဘေးကို မြင်ရသော် အဝေးမှ ရှောင်တတ်၏၊
ရောက်ပြီးရောက်ဆဲဘေးကို မြင်ရသော်မူ မကြောက်မရွံ့စွန့်စားရင်ဆိုင်တတ်၏။

mgyoe.com

mgyoe.com



အအိပ်ကြူးသူ၊ သတိမေ့သူ၊ ပျော်ပါးစွာနေတတ်သူ၊ အနာရောဂါရှိသူ၊
ပျင်းရိသူ၊ အလိုကြီးသူ၊ အလုပ်သစ်ကို မကော်မောသူ၊
ထိုသူခုနစ်ဦးတို့သည် စာပေကျမ်းဂန်တို့နှင့် မဆက်စပ်သောသူများဖြစ်ကုန်၏။

mgyoe.com

mgyoe.com



အို... လာဘ်၊ ဆင်းရဲသူထံ သွားလော့၊ လာဘ်များသူသည် လာဘ်ဖြင့်ပြည့်၏။

အို... မိုးမင်း ကုန်းထက်တွင် ရွာပါလော့၊ ပင်လယ်သည် ရေဖြင့်ပြည့်၏။

ထိုသည်မှာ အကြောင်းအားလျော်စွာ ဖြစ်၏။ ထိုသို့ (တိုက်တွန်းပြီး ရသော) သဘောမရှိ၊ "ကံ" သာလျှင် ပဓာနတည်း။



mgyoe.com



mgyoe.com

ပြုဖွယ်ကိစ္စကို ဆောင်ရွက်ပြီးလတ်သော် ထိုဆောင်ရွက်သူကို တစ်စုံတစ်ယောက်ကမျှ ပြန်ပြီး မကြည့်တတ်။ ထို့ကြောင့် ကိစ္စ အဝဝကို အကြွင်းထားပြီး ပြုရာ၏။

mgyoe.com



mgyoe.com

လောကတွင် ဝါဂွမ်းသည် ပေါ့၏။


ထို့ထက် လျှပ်ပေါ်သောသူသည် ပေါ့၏။

ထို့ထက် လူကြီးသူမတို့၏ ဆုံးမစကားကို မနာယူသော သူသည် ပေါ့၏။

ထို့ထက် မြတ်စွာဘုရား၏ ဆုံးမစကားတွင် မေ့လျော့သောသူသည် ပေါ့၏။

mgyoe.com

mgyoe.com



လောကတွင် ကျောက်ထီးသည် လေး၏။

ထို့ထက် နတ်တို့၏ စကားသည် လေး၏။

ထို့ထက် လူကြီးသူမတို့၏ သြဝါဒစကားသည် လေး၏။

ထို့ထက် မြတ်စွာဘုရား၏ ဆုံးမစကားသည် လေး၏။

mgyoe.com